MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်

## အမှုဆောင်အရာရှိချုပ်အဖြစ်မှ အနားယူခြင်းနှင့် အမှုဆောင်အရာရှိချုပ်အသစ်ခန့်အပ်ခြင်း

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပက်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MTSH) ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သည့် ဦးကျော်ဇောဝေသည် မိသားစုအား အနီးကပ်စောင့်ရှောက်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ Covid 19 ဖြစ်ပေါ်ခဲ့ခြင်း ကိစ္စရပ်များကြောင့် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့မှစ၍ ၎င်း၏ဆန္ဒဖြင့် MTSH မှ အနားယူသွားခဲ့ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးကျော်ဇောဝေမှ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း MTSH ၏ လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းနှင့် ယခုကဲ့သို့ အရေးကြီးသောကာလအတွင်း တာဝန်လွှဲပြောင်းမှုများကို ဆောင်ရွက်ခဲ့ခြင်းအား ဒါရိုက်တာအဖွဲ့မှ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပက်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MTSH) သည် ဦးမြင့်ဇော်အား အမှုဆောင်အရာရှိချုပ် (CEO) အဖြစ်ခန့်အပ်လိုက်ခြင်းအား ဂုဏ်ယူစွာဖြင့် အသိပေးကြေညာအပ်ပါသည်။ ဦးမြင့်ဇော်သည် လက်ရှိတွင် MTSH ဒါရိုက်တာအဖွဲ့၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သကဲ့သို့ အမှုဆောင်ဒါရိုက်တာ တစ်ဦးလည်းဖြစ်ပါသည်။ သူသည် MTSH ၏ ဖက်စပ် ကုမ္ပဏီတစ်ခု ဖြစ်သည့် မြန်မာဂျပန်သီလဝါ ဒီဗလောမန့်လီမိတက် (MJTD) တွင် MTSH မှ တာဝန်ပေးချက်အရ လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ အရာထမ်းအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဦးမြင့်ဇော်သည် MJTD ၏ လုပ်ငန်းတာဝန် လွှဲပြောင်းမှုများကို (၃) လအတွင်းပြီးမြောက်အောင် ဆောင်ရွက်ကာ MTSH ၏ အမှုဆောင်အရာရှိချုပ်အနေဖြင့် ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။

တာဝန်လွှဲပြောင်းသည့်ကာလအတွင်း ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူးဖြစ်သည့် ဦးထွန်းလွင်မှ MTSH ၏ ယာယီအမှုဆောင်အရာရှိချုပ်အနေဖြင့် ဦးမြင့်ဇော်သို့ CEO လုပ်ငန်းတာဝန်များအား လွှဲပြောင်းပြီးစီးသည့်ကာလအထိ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးမြင့်ဇော်သည် MTSH စတင်တည်ထောင်စဉ် ကနဦးအစကပင် လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး၊ MTSH ၏ သဘာဝနှင့် နည်းစနစ်များအား နက်နက်နဲနဲ သိမြင်နေပြီးသည့် ထိပ်တန်းအမှုဆောင်အရာရှိတစ်ဦးဖြစ်ပါသည်။

ဦးမြင့်ဇော်၏ ပညာရေးနှင့် လုပ်ငန်းအတွေ့အကြုံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

Bachelor of Science (Chemistry) degree from Yangon University

Master of Business Administration (MBA) from University of Thai Chamber of Commerce

Diploma of Business Law (DBL) from Yangon University

Myanmar Directorship Certification from Myanmar Institute of Director Certification Program (MIoD) and Singapore Management University (SMU).

ဦးမြင့်ဇော်သည် လယ်ယာထွက်ကုန်နှင့် စားအုန်းဆီစသည့် လူသုံးကုန်ပစ္စည်းကုန်သွယ်မှုလုပ်ငန်း၊ ယာဉ်အပိုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများ စသည့်လုပ်ငန်းများတွင် အရောင်းနှင့် စျေးကွက်ဖော်ဆောင်မှု အတွေ့အကြုံ (၂၀)နှစ်ကျော်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

ထွန်းလွင်

Board Secretary